**Karenni Nationalities Defence Force**

**ကရင်နီအမျိုးသားများကာကွယ်ရေးတပ်**

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်

ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာအနီး ယနေ့ နေ့လည် (၁၁း၃၀)နာရီ တွင် ဒီးမော့ဆိုမြို့နယ်ဘက်မှ ဖရူဆိုမြို့နယ်ဘက်သို့ စစ်ကြောင်းထိုးလာသော အကြမ်းဖက်စစ်ကောင်စီတပ်များကို ကရင်နီတပ်မတော် (KA) နှင့် KNDF တို့မှ ခုခံတိုက်ခိုက်ခဲ့ပါသည်။ တိုက်ပွဲမှာ (၄)နာရီကျော် ကြာမြင့်ပြီး ထိခိုက်ကျဆုံးမှုများ ကို အတိအကျမသိရသေးပါ။

ထို့အပြင် အကြမ်းဖက်စစ်ကောင်စီတပ်များမှ မိုဆိုကျေးရွာအနီး ကင်းစခန်းချထားသော နယ်ခြားစောင့်တပ် တပ်ဖွဲ့ဝင် (၄) ဦးကို ကြိုးတုပ်ကာ ဦးခေါင်းများကိုပစ်ခွဲ ကွပ်မျက်ခဲ့ပါသည်။ တိုက်ပွဲ ဖြစ်ပွားစဉ်အတွင်း အကြမ်းဖက်စစ်ကောင်စီတပ်များမှ ဒန်ပါကား (၃)စီးနှင့် ကားငယ်(၃)စီး၊ ထော်လာဂျီနှင့် ဆိုင်ကယ် (၅) စီးကိုလည်း မီးရှို့ဖျက်စီးခဲ့ပြီး ကလေးအပါအဝင် ကျေးရွာနေပြည်သူ (၁၀) ဦးကို ဖမ်းစီးသွားခဲ့ပါသည်။ ကွပ်မျက်ခံရသော နယ်ခြားစောင့်တပ်သား (၄)ဦးမှာ ဖမ်းဆီးခံရသော ပြည်သူများကို ပြန်လွှတ်ပေးရန် တောင်းဆိုညှိနှိုင်းစဉ် ရက်စက်စွာ သတ်ဖြတ်ခံရခြင်းဖြစ်ပါသည်။ အကြမ်းဖက် စစ်ကောင်စီတပ်မှ လက်နက်ကြီးများ ရမ်းသမ်း ပစ်ခတ်မှုကြောင့် မိုဆိုကျေးရွာနေ ပြည်သူတစ်ဦး ထိခိုက်ခဲ့ပြီး၊ ဖရူဆိုမြို့နယ်နေ ပြည်သူများ စစ်ဘေး လွတ်ရာသို့ ထွက်ပြေးသိမ်းရှောင် နေရပါသည်။

လွိုင်ကော်မြို့တွင်လည်း အကြမ်းဖက်စစ်ကောင်စီတပ်မှ လက်နက်ကြီးရမ်းသမ်း ပစ်ခတ်မှု ကြောင့် ဘာဒိုကျေးရွာနေပြည်သူများ (၂)ဦး လက်နက်ကြီးထိမှန်ခဲ့ပြီး တဦးမှာ ဒဏ်ရာပြင်းထန်သဖြင့် သေဆုံးခဲ့ပါသည်။ လက်နက်ကြီးထိမှန်မှုကြောင့် ဘာဒိုနှင့် နာနတ်တောရပ်ကွက် တို့တွင် နေအိမ်များ ပျက်စီးခဲ့ပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။